
ဗိဗီ
(မန္တလေး)
လက်ပြတ်ကြီး

# လက်ပြတ်ကြီး

၁။

တိတ်ဆိတ်သော ညဥ့်အလယ်၊ မန္တလေးမြို့ မြို့သစ်တစ်ခု၏ လူနေကျဲပါးသော၊ ရပ်ကွက်တစ်ခု၌ ဖြစ်လေ၏။

ရပ်ကွက်လေးထဲရှိ ပေ ၄၀၊ ပေ ၆၀ ခြံဝင်းများထဲမှ တစ်ခုသော ခြံအတွင်းက ပျဥ်ထောင်အိမ်လေးဝယ်၊ ကလေးတစ်ယောက်၏ ကြောက်လန့်တကြား အော်ငိုလိုက်သံက စူးရှစွာ ထွက်ပေါ်လာပါတော့သည်။

"အား ... ကြောက်တယ် ကြောက်တယ် မေမေရေ ဖေဖေရေ ဟီးအီးအီး"

အလတ်ကောင်၏ အော်ငိုသံကြောင့် ကိုကျော်ဇင်နှင့် မမြမြတို့ လင်မယား ၂ယောက်လုံး အိပ်ရာက ဝုန်းကနဲ ထ၍ အခန်းအပြင်သို့ ပြေးထွက်လာကြသည်။

ဧည့်ခန်းဟုဆိုရမည့် အိမ်ရှေ့ခန်းက ရေခဲသေတ္တာ အနီး ကြမ်းပြင်တွင် အလတ်ကောင် အေးချိုကို ထိုင်လျက်သား ငိုနေသည်ကို မြင်တွေ့လိုက်ကြသည်။

မမြမြက ကလေးကို ပြေးပွေ့လိုက်ပြီး၊

' သားလေး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ' ဟု စိုးရိမ်တကြီး မေးမြန်းလိုက်၏။

ကိုကျော်ဇင်က ဧည့်ခန်းတစ်ခုလုံးကို အကဲခတ်သည်။

တိုင်ကပ်နာရီက ည ၁၀နာရီ မိနစ် ၂၀သို့ ညွှန်ပြနေ၏။

လမ်းမဘက် မျက်နှာမူထားသော ပြတင်းတံခါး တစ်ချပ်သည် ပွင့်လျက်ရှိနေပြီး အပြင်က လေ တိုက်ခတ်မှုကြောင့် ခန်းဆီးစသည် လေမှာ တဖျပ်ဖျပ် လွင့်နေ၏။

ဒါ့အပြင်

"ဘုတ် ဘုတ်ဘုတ်"

တံခါးချပ်မှာလည်း လေတိုက်တိုင်း အိမ်၏ အပြင်နံရံနှင့် ထိခတ်ကာ တဘုတ်ဘုတ် မြည်နေ၏။

အလတ်ကောင်ဟု သူတို့လင်မယားက အလွယ်တကူ ခေါ်ဆိုသော ၇နှစ်အရွယ် မောင်အေးချိုလေးသည် မမြမြ၏ မေးခွန်းကို မဖြေနိုင်သေးပဲ ပွင့်လျက်သား ရှိသော ပြတင်းတံခါးဝကို ပါးစပ်ဟောင်းလောင်းဖြင့် လက်ညှိုးထိုးပြနေ၏။

အေးချိုလေးသည် ထိတ်လန့်ခြင်း၊ အံ့ဩတုန်လှုပ်နေခြင်း စသော ခံစားမှုများ ရောပြွမ်းကာ အကြောက်လွန်နေဟန်တူ၏။

ကိုကျော်ဇင် ပြတင်းဝသို့ သွား၍ အပြင်ဘက်သို့ ကြည့်လိုက်သည်။

အပြင်ဘက်၌လည်း ထူးခြားသော ပုံရိပ်ကို ရှာမတွေ့ ပိန်းပိတ် မှောင်နေ၏။

အပြင်၌ ဘာမှ မရှိကြောင်း မမြမြဘက်သို့ လှည့်ကာ ခေါင်းကို ခါယမ်းပြလိုက်၏။။ သားလတ် မောင်အေးချိုအား၊

"အပြင်မှာ ဘာမှ မရှိပါဘူး သားရဲ့"

ထိုသို့ နှစ်သိမ့် ပြောဆိုလိုက်ပြီး ကိုကျော်ဇင်က ပြတင်းတံခါးကို ပိတ်၍ ကန့်လန့်ထိုးလိုက်လေ၏။

မမြမြ၏ ရင်ခွင်ထဲမှ အေးချိုလေးက တရှုံ့ရှုံ့ငိုရင်း၊ သူ မြင်ခဲ့ရတာကို ရှိကြောင်း မြင်ကြောင်း အတင်း ငြင်းဆိုနေ၏။

"ရှိတယ် ရှိပါတယ်၊ အဲဒီနားမှာ ခုနက မြင်လိုက်ပါတယ်ဆိုနေ အီးဟီးဟီး"

အေးချိုလေး၏စကားကြောင့်၊ မမြမြရော ကိုကျော်ဇင်ပါ ကျောချမ်းသွားကြသည်။ ကြက်သီးထသွားကြ၏။

ကလေးက ဘာကို မြင်၍ ရှိပါသည်ဟု အပ်ကျမတ်ကျ ပြောဆိုနေမှန်း သူတို့ လင်မယား မသိကြချေ။

သူတို့ လူကြီးနှစ်ဦး၏ မျက်လုံးများက အေးချို လက်ညှိုးထိုးပြရာ ပြတင်းဝဆီသို့သာ မရဲတရဲ ကြည့်မိလိုက်ကြသည်။

ပြတင်းပေါက်တွင် ခန်းဆီးလိုက်ကာစ အပြာရောင်လေးက တံခါးပိတ်ထားပေမဲ့ တံခါးကြားက လေကြောင့် တလွင့်လွင့်။

ပြတင်းတံခါး မှန်၏ အပြင်မှာ အမှောင်ထုသည် သိပ်သိပ်သည်းသည်း မှောင်လျက် ရှိနေသည်။

ကိုကျော်ဇင်က သားအမိနှစ်ယောက်အနီးသို့ လျှောက်လာလိုက်ပြီး၊

"သားက ဘာကို မြင်တာလဲ၊ ပြီးတော့ ညဘက်ကြီး ဧည့်ခန်းထဲ ဘာလာလုပ်တာလဲ"

"သားက ရေဆာလို့၊ ရေသောက်ဖို့ ဆင်းလာတာ၊ သား ရေခဲသေတ္တာ ဖွင့်နေတုန်း၊ ဗုန်းကနဲ အဲဒီပြတင်းပေါက်ကြီးက ပွင့်သွားလို့ လှည့်ကြည့်လိုက်တော့ ..."

အေးချိုလေးက ပြတင်းပေါက်ကို မကြည့်ရဲသလိုဖြင့် ကြောက်ရွံ့စွာ မမြမြရင်ခွင်ထဲ တိုးဝင်ရင်း၊

"ခေါင်းစုတ်ဖွားကြီးနဲ့ မျက်နှာဖွေးဖွေးကြီးက သားကို စိုက်ကြည့်နေတာ၊ မေမေတို့ ရောက်လာမှပဲ၊ အဲဒီ ခေါင်းစုတ်ဖွားကြီးက ပျောက်သွားတာ"

ကလေးကို ပွေ့ဖက်ထားသော မမြမြက ကိုကျော်ဇင်အား ' ရှင့်ကို ကျွန်မ မပြောဘူးလား' ဟုသော အမူအရာသက်ဝင်သည့် မျက်လုံးများဖြင့် ကြည့်ကာ မေးကို ဆတ်ပြ၏။

ကိုကျော်ဇင်က ကလေးကို အရင် သွားပြီး ချော့သိပ်ရန် မျက်နှာရိပ်မျက်နှာကဲ ပြလိုက်ပြီး၊

"မြမြ ကလေးကို သူ့အခန်း ခေါ်သွားပြီး၊ ချော့သိပ်လိုက်နော်။ အစ်ကို အပြင်ဘက်ကို ဆင်းကြည့်ဦးမယ်"

မမြမြလည်း အေးချိုလေးကို ရင်ခွင်ထဲ ထွေးပွေ့သွား၏။

ကိုကျော်ဇင်က အိမ်တံခါးမကို ဖွင့်၍ ခြံထဲကို ဆင်းကြည့်၏။ အပြင်ဘက်တွင် ထူးခြားသော လက္ခဏာ တစ်ခုမှ မမြင်တွေ့ရချေ။

ဤ နှစ်ထပ် ပျဉ်ထောင်အိမ်လေးတွင် အပေါ်ထပ်က အခန်း၌ သမီးကြီး (စုသက်) နှင့် အလတ်ကောင် သားလတ် (အေးချိုလေး)တို့က အခန်းတစ်ခန်းထဲ၌ မောင်နှမ နှစ်ယောက် အတူအိပ်ကြသည်။

အောက်ထပ်က အိပ်ခန်းတွင် ကိုကျော်ဇင်တို့လင်မယားနှင့်အတူ အငယ်ဆုံးသမီးငယ်၊ ၄နှစ်အရွယ် (အိသက် )တို့ အတူတူအိပ်ကြသည်။

ကိုကျော်ဇင်နှင့် မမြမြတို့လင်မယားတွင် သား သမီး ၃ယောက် ရှိကြသည်။

ကိုကျော်ဇင်တို့ ဤအိမ်လေးကို ပြောင်းလာကြသည်မှာ တစ်လ မပြည့်သေးပေ။

ကိုကျော်ဇင်သည် စာပုံနှိပ်တိုက်တစ်ခုတွင် အလုပ်လုပ်၏။ ပုံနှိပ်တိုက်

သူဌေးက သူ ဝယ်ထားသော ဤအိမ်လေး၌ အစောင့်အနေ သဘောဖြင့် ကိုကျော်ဇင်တို့ မိသားစုကို နေထိုင်စေခြင်း ဖြစ်၏။

အိမ်လေးထဲ၌ ပရိဘောဂ၊ ရေ၊ မီး အပြည့်အစုံ ပါရှိသဖြင့် ကိုကျော်ဇင်က သူဌေးအား အလွန်ပင် ကျေးဇူးတင်နေမိသည်။

သို့သော် ဤအိမ်လေး၏ ရာဇဝင်ကို ကိုကျော်ဇင်တို့လင်မယားက ဂဃနဏ မသိချေ။

မနက်မိုးလင်းတာနဲ့ ကိုကျော်ဇင်က ပုံနှိပ်တိုက်ရှိရာ မြို့လယ်သို့ ဆိုင်ကယ်နှင့် ထွက်သွားစမြဲ။

အလုပ်သိမ်းချိန် ညနေ၅နာရီ ဆိုပေမဲ့၊ ကိုကျော်ဇင်က သူဌေး၏ လူယုံ မန်နေဂျာသဘော ဖြစ်နေသဖြင့် ညနေ ၆နာရီကျော် ၇နာရီ မှသာ အိမ်ကို ပြန်လာလေ့ရှိတတ်သည်။

တစ်ခါတစ်ရံ အလုပ်က အလွန်အရေးကြီးလျှင် ညဥ့်နက်မှ ပြန်လာတတ်၏။

တစ်နေကုန်အောင် အိမ်မှာ အမြဲရှိတတ်သူက မမြမြ ဖြစ်၏။ မမြမြက နေ့ဘက်များတွင် စျေးထည်အဝတ်များ ယူ၍ ချုပ်၏။

အကြီးမ ဖြစ်သူ ၁၂နှစ်အရွယ် စုသက်က အမေအားကူညီ၏။ ထို့ကြောင့် မမြမြသည် တစ်နေ့ စက်ချုပ်ခ ၈ထောင် နှင့် ၁သောင်းအကြား ပုံမှန် ဝင်ငွေရှိ၏။

အလတ်ကောင်ကို သိပ်ခဲ့ပြီး၊ မမြမြသည် အောက်ထပ်က သူမတို့၏ အခန်းကို ပြန်ရောက်လာ၏။

မမြမြက ခင်ပွန်းသည် ကိုကျော်ဇင်အား၊

"အစ်ကို့ကို ကျွန်မ ပြောပါတယ်။ အစ်ကိုက ကျွန်မစကားကိုမှ မယုံတာ"

"မယုံတာတော့ မဟုတ်ပါဘူး မြမြရယ်၊ သူဌေးကြားသွားရင်၊ အစ်ကိုတို့ကို တစ်မျိုး အထင်လွဲပြီး နှင်ချမှာစိုးလို့ပါ။ သူဌေးက ဒီလိုကိစ္စတွေ အယုံအကြည် ရှိတာမဟုတ်ဘူး။ ပြီးတော့ မြမြပဲ စဉ်းစား။ အစ်ကိုတို့မိသားစု အပြင်မှာ အိမ်ငှားနေရမယ်ဆိုရင်၊ အနည်းဆုံး နှစ်ဝက်စာ စပေါ်တင်ရမှာ မဟုတ်လား။ ကလေးတွေ ကျောင်းစရိတ်ကလည်း ရှိသေးတယ်။ ဒီအိမ်လေးက လက်ရှိ အခြေအနေမှာ အစ်ကိုတို့မိသားစုအတွက် အဆင်ပြေနေတာကြောင့် ..."

မြမြက နားလည်ဟန်ဖြင့်၊

"အစ်ကို ပြောတာ ကျွန်မ သဘောပေါက် နားလည်ပါတယ်။ ဒါပေမဲ့ ဒီအိမ်မှာ သရဲတစ္ဆေများ ရှိနေမလား မသိဘူး အစ်ကို။ ကျွန်မက ကလေးတွေအတွက် စိတ်ပူလို့ ပြောနေတာပါ"

ကိုကျော်ဇင် ဟူးကနဲ သက်ပြင်းလေးလံစွာ ချလိုက်သည်။ မြမြ ပြောတာကိုလည်း သူ အလေးထားပါ၏။ မိမိ ရင်သွေးလေးများ ဒုက္ခ ဖြစ်ရမည့် အကျိုးဆက်ကိုတော့ သူလည်း မလိုလားပေ။

မြမြက ဤအိမ်၏ ထူးခြားချက်ကို ကိုယ်တိုင် ခံစားခဲ့ဖူးသည်။ ထိုအဖြစ်အပျက်မှာလည်း မကြာသေး။ ပူပူနွေးနွေးပင် ရှိသေး၏။

ပြီးခဲ့သော ကြာသပတေးနေ့၊ နေ့လယ်ခင်းတစ်ခု၌၊ သမီးကြီးနှင့် သားအလတ်ကောင်တို့ ကျောင်းသွားနေကြစဉ်၊ မြမြသည် အငယ်မလေးကို ချော့သိပ်ရင်း သူမပါ အိပ်ပျော်သွား၏။

မြမြသည် အိပ်မက်ထဲမှာလိုလို၊ အပြင်မှာလိုလို သူမ၏ ဘေး၌ လူတစ်ယောက် မတ်တတ်ရပ်၍ စောင့်ကြည့်နေသည်ဟု ခံစားလိုက်ရ၏။

သူမသည် ရေထဲ ရောက်နေသူကဲ့သို့ အမြင်အာရုံသည် ဝါးတားတား ဖြစ်

နေ၏။

အရာအားလုံးကို သဲကွဲစွာ မမြင်ရချေ။

သို့သော် ထိုလူသည် ယောကျ်ားကြီး တစ်ဦးဖြစ်ကြောင်း သူမ အနီးသို့ တိုးကပ်လာ၍ သိလိုက်ရလေ၏။

မျက်နှာက ဖြူဖပ်ဖြူရော် ဖွေးဖွေးကြီး။

ဆံပင်ရှည်တွေက ဖွာလန်ကြဲနေသည်။ ရှည်လျားသော ထိုဆံစအချို့က ထိုလူကြီး၏ မျက်နှာပေါ် တွဲလွဲကျလျက် ရှိသည်။

သူမ မြင်လိုက်ရသော ထိုသူ၏ မျက်ဆံတွေက အဖြူသက်သက်။ အနက်တစ်စက်မှ မပါ။

မျက်နှာပုံ မပေါ်သော မျက်နှာတစ်ခု ဖြစ်၏။ မကောင်းဆိုးဝါးတစ်ကောင်ဖြစ်လိမ့်မည်ဟု တထစ်ချယုံလိုက်သည်။

သေချာသည်က အသက်ငှဂခန့် ထိုလူကြီးသည် သူမအား စူးစူးရဲရဲ စိုက်ကြည့်နေခြင်း ဖြစ်သည်။

ထိုအကြည့်က သူမ အား မလိုလားဟန်၊ မရှုစိမ့်ဟန် မုန်းတီးနေဟန် အပြည့်ဖြစ်သည်။

ထို မကောင်းဆိုဝါးသည် သူမအား အန္တရာယ်ပြုလိုဟန်ဖြင့် လက်နှစ်ဖက်ကို ရှေ့ဆန့်တန်း၍ တိုးကပ်လာ၏။

ဖွေးဆွတ်ဆွတ် မျက်နှာကြီးက သူမထံသို့ ပြုံလဲ ငိုက်ဆင်းလာသည်။

အရိပ်သဏ္ဍာန် မကွဲပြားသော လက်နှစ်ဖက်က သူမ၏ လည်ပင်းဆီသို့ တရွေ့ရွေ့ ပွတ်သပ်လာလေပြီ။

လက်နှစ်ဖက်ဟုဆိုရာတွင်၊ ဘယ်လက်တစ်ဖက်သည် ပုံမှန်ဖြစ်ပြီး၊ ကျန်ညာလက်တစ်ဖက်သည် တံတောင်ဆစ်မှ တုံးတိတိ ပြတ်နေသော

လက်ပြတ်ကြီးဖြစ်၏။

ထို လက်တစ်ဖက်ပြတ်ကြီး၏ ရေခဲတမျှ အေးစက်သော အထိအတွေ့က သူမအား ပို၍ ထိတ်လန့်စေ၏။

မြမြသည် သူမကိုယ်သူမ အတင်း လှုပ်နှိုးနေ၏။ ပါးစပ်က တဝူးဝူး တဝါး ဝါးဖြင့် အသံထွက်နိုင်ရန် ကြိုးစားဟစ်အော်နေ၏။ အသံက မထွက်လာချေ။

လည်ချောင်းဝ၌ တစ်ဆို့ကာ ပျောက်ကွယ်သွား၏။

မမြမြသည် နောက်ဆုံးအနေဖြင့် မြတ်စွာဘုရားအား အာရုံပြု၍ အတင်းပဲ ရုန်းကန် အသံထွက်လိုက်မိသည်။

"ဘုရား ဘုရား"

မကြာခင် မြမြ အိပ်နေရာမှ နိုးထလာပြီး ခုတင်ပေါ် ငုတ်တုတ် ထထိုင်လိုက် နိုင်ပြီဖြစ်သည်။

ထိုအခါမှ အရိပ်ကြီးသည် သူမ၏ အခန်းထဲမှ လျှင်မြန်စွာ ထွက်ပြေးသွားလေ၏။

ထွက်ပြေးသွားသော အရိပ်မည်းကြီး၏ ကျောပြင်ကို သူမ အသေအချာ မြင်တွေ့လိုက်ရသည်။

ချက်ချင်းပဲ မမြမြသည် အရိပ်မည်းကြီး ထွက်သွားရာသို့ ပြေးလိုက်သွားသည်။

သို့သော် ထိုအရိပ်မည်းကြီးကို အခန်း အပြင်ဘက် အိမ်ရှေ့ခန်းသို့ ရောက်သောအခါ လုံးဝ မမြင်တွေ့ရတော့ချေ။

အိမ်ရှေ့ခန်းတွင် မတ်တတ်ရပ်နေရင်း၊ မမြမြတစ်ယောက် ကြက်သီးမွေးညင်းများ ထလျက် ကျောချမ်းနေ၏။

"ဘုရား ဘုရား ငါ မြင်လိုက်တဲ့ဟာကြီးက ဘာကြီးပါလိမ့်၊ ဒီအိမ်မှာ မကောင်းဆိုးဝါးတွေများ ရှိနေတာလား"

မြမြ ကြာကြာ စဉ်းစားချိန်မရ။ အခန်းထဲက အငယ်မ အိပ်ရာက နိုးလာပြီး၊ မေမေဟု အော်ခေါ်နေသောကြောင့် ပြေးသွားလိုက်ရသည်။

ထိုအကြောင်းကို မမြမြက ကိုကျော်ဇင်အား ပြောပြသည့်အခါ၊ ကိုကျော်ဇင်က ပက်လက်လှန် အိပ်လို့ ဘီလူးစီးသလို ဖြစ်တာ နေလိမ့်မည်ဟု ထင်ကြေး ပေးလေ၏။

မမြမြက ထိုအကြောင်းကို ဆက်ပြောလိုသော်လည်း ကိုကျော်ဇင်က မကြိုက်ဟန် ပြသဖြင့် ဆက်မပြောဖြစ်တော့ပေ။

ယခုတစ်ခါ သားလတ် အေးချိုလေး အခြောက်ခံရမှ မမြမြ မြင်တွေ့ခဲ့ရသည်မှာ အိပ်မက်မဟုတ်ကြောင်း ထင်ရှားလေတော့သည်။

ဘာကြောင့်လဲဆိုတော့ အေးချိုလေး ပြောသည့် မကောင်းဆိုးဝါး ပုံသဏ္ဍာန်နှင့် သူမ မြင်ဖူးသော မကောင်းဆိုးသဏ္ဍာန်က ထပ်တူညီနေသည် မဟုတ်လား။

***